စိုလ်ချုပ်ကြီးခင်ဗျား-

အကြောင်းအရာ။ Skylark UAV System ၏ ချွတ်ယွင်းအစိတ်အပိုင်းများ ပြန်လည်ပြင်ဆင်နိုင်ရေး တင်ပြခြင်းကိစ္စ

၁။ လေတပ်ဆွယ်(မှော်ဘီ)ရှိ Skylark UAV System ၏ ချွတ်ယွင်း ပစ္စည်းများနှင့်ပတ်သက်၍ ပြန်လည်ပြင်ဆင်နိုင်မှုရှိ / မရှိ သိရှိနိုင်ရန်အတွက် ဒေသခံကုမ္ပဏီတစ်ခုဖြစ်သော Myanmar Future Science ကုမ္ပဏီမှ သွားရောက် လေ့လာကြည့်ရှုခဲ့ပါသည်။

၂။ လေ့လာကြည့်ရှုခဲ့မှုအရ ပစ္စည်းများအား ပြန်လည်ပြင်ဆင်နိုင်မည်ဟု ယူဆရပြီး အားလုံးကောင်းမွန်မှုရှိစေရေး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပူးတွဲ တင်ပြလာပါသည်။ ထို့နောက် ပစ္စည်းတစ်ခုချင်းစီအလိုက် ခန့်မှန်းချွတ်ယွင်းမှုအ ခြေအနေနှင့်ပြင်ဆင်နိုင်မည့်အခြေအနေတို့အား ကျသင့်ငွေ ၊ ကြာချိန်တို့နှင့်တကွ ပေးပို့တင်ပြလာခဲ့ပါသည်။

၃။ အဆိုပြုလွှာနှင့်ပတ်သက်၍ လေ့လာစိစစ်ခဲ့ရာတွင် Avionic Pod ၇ လုံး ၊ Tail အစိတ်အပိုင်း ၃ ခု ( Defected Servo Motor Parts and Crack Repair ) ၊ Center Wing အစိတ်အပိုင်း ၄ ခု ( Defected Servo Motor and Crack Repair ) ၊ Motor ၈ ခု ၊ Energy Pack ၄ ခု ၊ Battery Charger ၂ ခု ၊ Day Payload ၆ ခု ၊ Night Payload ၃ ခု ၊ Battery ၂၂ လုံး ( Defected Controller Cards and Battery Cells) စုစုပေါင်း ချွတ်ယွင်းပစ္စည်း ၅၉ ခု အတွက် USD 96,505.00 ကျ

## Skylark UAV System ၏ ချွတ်ယွင်းအစိတ်အပိုင်းများ ပြန်လည်ပြင်ဆင်နိုင်ရေး တင်ပြခြင်းကိစ္စမှုအဆက်

သင့်မည်ဖြစ်ကြောင်း ဖော်ပြထားသဖြင့် ပြင်ဆင်မှုစရိတ်မှာ သက်သာမှုရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၄။ ပြင်ဆင်ပြီး ပစ္စည်းများအတွက် Warranty ကာလသတ်မှတ်ချက်မှာ ၁ နှစ် ဖြစ်ပါသည်။ သို့ရာတွင် Battery များအတွက်မူ Battery Cell အားလုံး အသစ်လဲလှယ်ပေးမည့် ၄ လုံးအတွက် ၁ နှစ် ရရှိမည်ဖြစ်သော်လည်း Controller Card သာ ပြင်ဆင်ပေးမည့် ၁၈ လုံးအတွက်မှာ On Condition ဖြစ်ကြောင်းနှင့် ပြင်ဆင်မှုကာလကြာချိန်မှာ ပစ္စည်းအမျိုးအစားအလိုက် ၂ ပတ်မှ ၂ လ အတွင်း ဖြစ်ကြောင်း တင်ပြထားပါသည်။

၅။ ထို့ပြင် Skylark UAV System ၏ ချွတ်ယွင်းပစ္စည်းများအား ပထမဆုံး အကြိမ်စမ်းသပ်ပြင်ဆင်ရခြင်းဖြစ်သဖြင့် ကုမ္ပဏီမှပညာရှင်အဖွဲ့နှင့် ဦးစွာဆောင်ရွက်မည်ဖြစ်သော်လည်း ပြင်ဆင်မှုမှတ်တမ်းများအား စနစ်တကျပြုလုပ်၍ တပ်မတော်(လေ)သို့ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ဒုတိယအကြိမ်ပြင်ဆင်မှု ဆောင်ရွက်ပါက တပ်မတော်(လေ)အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်၍ ပြင်ဆင်မှု နည်းပညာများအား ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

၆။ ဖော်ပြပါချွတ်ယွင်းပစ္စည်းများအား ပြင်ဆင်မှုပြုလုပ်၍ ကောင်းမွန်မည် ဆိုပါက Skylark UAV ၇ စီး တပ်မံတွက်ရှိမည်ဖြစ်ပြီး လက်ရှိ ၃ စီးကောင်းမွန် မှုရှိသဖြင့် စုစုပေါင်း ၁၀ စီး ခန့် စစ်ဆင်ရေးလှုပ်ရှားမှုများအတွက် အသုံးပြုနိုင်

## Skylark UAV System ၏ ချွတ်ယွင်းအစိတ်အပိုင်းများ
## ပြန်လည်ပြင်ဆင်နိုင်ရေး တင်ပြခြင်းကိစ္စမှာအဆက်

မည်ဖြစ်သည့်အပြင် Motor ၊ Center Wing ၊ Payload နှင့် Battery ကဲ့သို့ အရေးကြီးသည့် အစိတ်အပိုင်းများအား Spare အဖြစ် ထားရှိနိုင်မည်ဖြစ်ပါသည်။

၇။ ထို့ပြင် သက်ဆိုင်ရာကုမ္ပဏီမှ ပြင်ဆင်မှုမှတ်တမ်းများ ရရှိမည်ဖြစ်ပြီး နောက်တစ်ကြိမ်ပြင်ဆင်ပါက အတူတကွဆောင်ရွက်ရမည် ဖြစ်သဖြင့် မိမိတို့အတွက် ပြင်ဆင်မှုအတွေ့အကြုံကောင်းများရရှိစေမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

၈။ သို့ဖြစ်ပါ၍ ခွင့်ပြုမည်ဆိုပါက Skylark UAV များအား စစ်ဆင်ရေးလှုပ်ရှားမှုများတွင် စဉ်ဆက်မပြတ်ပျံသန်းအသုံးပြုနိုင်ရန်အတွက် ချွတ်ယွင်းအစိတ်အပိုင်းများအား Myanmar Future Science ကုမ္ပဏီဖြင့် ပြန်လည်ပြင်ဆင်မှုများပြုလုပ်နိုင်ရေး ၂၀၁၉ - ၂၀၂၀ ခုနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း (RE) တွင် ထည့်သွင်းလျာထား၍ လိုအပ်သည့်လုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

၉။ သိရှိနိုင်ပါရန်နှင့် လိုအပ်သည်များကို ညွှန်ကြားမှုပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

စစ်ဦးစီးစက်မှုလက်မှုအရာရှိချုပ်(လေ)

**Myanmar Future Science**

No-285, Yazarthingyan (7) street, 11Quarter, South Okkalapa, Yangon.
Ph:09781302623,0943098032

Date-5-11-2019

အကြောင်းအရာ။ တပ်မတော်(လေ)မှ Skylark UAV များ ပြုပြင်ရန်အတွက် ဈေးနှုန်းတင်ပြခြင်း။

၁။ မိမိတို့ Myanmar Future Science Company မှ တပ်မတော်(လေ)မှ Skylark UAV များ၏ ချို့ယွင်းမှုများနှင့်ပတ်သက်၍ ပြန်လည်ပြင်ဆင်နိုင်မှု ရှိ/မရှိ သိရှိနိုင်ရန် သွားရောက်လေ့လာ ကြည့်ရှုခဲ့ပါသည်။ စစ်ဆေးချက်များအရ အားလုံးနီးပါးပြန်လည်ကောင်းမွန်အောင် ပြုပြင်နိုင်မည်ဟု ယူဆရပါသည်။ ပြင်ဆင်ရမည့်ပစ္စည်း တခုချင်းဆီအတွက် ခန့်မှန်းချို့ယွင်းမှုအကြောင်းအရာနှင့် အချိန်၊ ကျသင့်ငွေများကို နောက်ဆက်တွဲဖြင့် ဖော်ပြအပ်ပါသည်။ ချို့ယွင်းမှုစုစုပေါင်းအရေအတွက်မှာ ၃၉ ခု ဖြစ်ပြီး စုစုပေါင်းကျသင့်ငွေမှာ $ 96,505 ဖြစ်ပါသည်။

၂။ ပြုပြင်ပြီးပစ္စည်းများအတွက် Warranty 1 year ပေးသွားမည်ဖြစ်ပြီး ပြုပြင်ရန်ကြာချိန်မှာ ၂ပတ် မှ ၂လ အတွင်းကြာမည်ဖြစ်ပါသည်။ Replace Battery များအတွက် 1 year warranty ပေးသွားမည်ဖြစ်ပြီး Controller Card ပြုပြင်ပေးမည့် Battery များအတွက်တော့ Battery သက်တမ်း ကျန်သလောက် အသုံးပြုသွားနိုင်မည် ဖြစ်ပါသည်။

၃။ ချို့ယွင်းပစ္စည်းများပြုပြင်ရာတွင် တခုချင်းစီအလိုက် ပြုပြင်မှုမှတ်တမ်းများပြုလုပ်ပြီး တပ်မတော်(လေ) သို့ ပေးပို့တင်ပြသွားမည်ဖြစ်ပြီး နောက်တကြိမ်ပြုပြင်သည့်အချိန်တွင် တပ်မတော်(လေ) အဖွဲ့နှင့်အတူ ပူးပေါင်း၍ ပြုပြင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**Myanmar Future Science**

No 285, Yazarthingyan (7) street, 11Quarter, South Okkalapa, Yangon.
Ph-09781302623,0943098032

၄။ သို့ဖြစ်ပါ၍ မိမိတို့ Myanmar Future Science Company အနေဖြင့် Skylark UAV များ၏ ချို့ယွင်းပစ္စည်းများအား ပြန်လည်ကောင်းမွန်မှုရှိစေရန်အတွက် အစွမ်းကုန်ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ချို့ယွင်းပစ္စည်းများအား ပြင်ဆင်ခွင့်ပြုနိုင်ပါရန် လေးစားစွာဖြင့် အစီရင်ခံတင်ပြအပ်ပါသည်။

U Thet San
Managing Director
Myanmar Future Science Co.,Ltd

ေနာက်ဆက်တွဲ

Pod Repair List

| Pod | Serial No | Remark | Charges | Period |
|---|---|---|---|---|
| 1 | 0050 | Airbag Blower & ESC Replace, Antenna Cable Replace, ADT Fan Replace | $5400 | 1month |
| 2 | 0053 | Antenna Cable Replace, Motor Connector Replace ,ADT Fan Replace | $4500 | 1month |
| 3 | 0045 | Airbag Blower & ESC Replace, Antenna Cable Replace | $5000 | 1month |
| 4 | 0051 | Antenna Cable Replace, Motor Connector Replace | $4000 | 1month |
| 5 | 0048 | Airbag Blower & ESC Replace, Antenna Cable Replace | $5000 | 1month |
| 6 | 0056 | Antenna Cable Replace, ADT Fan Replace | $3500 | 1month |
| 7 | 0046 | Airbag Blower & ESC Replace, Antenna Cable Replace, ADT Fan Replace | $5600 | 1month |
| | | Total | $33,000 | |

Tail Repair List

| Tail | Serial No | Remark | Charges | Period |
|---|---|---|---|---|
| 1 | 0290 | Servo Horn Replace and Tail Crack Repair | $475 | 2 weeks |
| 2 | 0281 | Tail Crack Repair | $465 | 2 weeks |
| 3 | 0292 | Tail Crack Repair | $465 | 2 weeks |
| | | Total | $1405 | |

Centre Wing Repair List

| Centre Wing | Serial No | Remark | Charges | Period |
|---|---|---|---|---|
| 1 | 0257 | Motor Connector Replace & Crack Repair | $665 | 2 month |
| 2 | 0245 | Motor Connector Replace & Crack Repair | $715 | 2 weeks |
| 3 | 0256 | Motor Connector Replace & Crack Repair | $645 | 2 weeks |
| 4 | 0259 | Motor Connector Replace & Crack Repair | $665 | 2 weeks |
| | | Total | $2,690 | |

Motor Unit Repair List

| Motor | Serial No | Remark | Charges | Period |
|---|---|---|---|---|
| 1 | 0293 | Replace Motor and ESC | $1700 | 2 months |
| 2 | 0290 | Replace Motor and ESC | $1700 | 2 months |
| 3 | 0306 | Replace Motor | $110 | 2 months |
| 4 | 0295 | Replace Motor and ESC | $1700 | 2 months |
| 5 | 0294 | Good | - | - |
| 6 | 0300 | Rewinding Motor | $200 | 3 weeks |
| 7 | 0304 | Rewinding Motor | $200 | 3 weeks |
| 8 | 0297 | Rewinding Motor | $200 | 3 weeks |
| 9 | 0299 | Replace Motor and ESC | $1700 | 2 months |
| | | Total | $7,510 | |

Charging Unit Repair List

| Energy Pack | Serial No | Remark | Charges | Period |
|---|---|---|---|---|
| 1 | 0218 | Power Unit Replace | $900 | 2 months |
| 2 | 0216 | Power Unit Replace | $900 | 2 months |
| 3 | 0070 | Power Unit Replace | $900 | 2 months |
| 4 | 0079 | Power Unit Replace | $900 | 2 months |
| Charger Pack | Serial No | Remark | Charges | Period |
| 1 | 0078 | Replace Balance Unit | $800 | 2 months |
| 2 | 0209 | Replace Balance Unit | $800 | 2 months |
| | | Total | $5,200 | |

Battery Repair List

| Battery | Serial No | Remark | Charges | Period |
|---|---|---|---|---|
| 1 | 0199 | Controller Card Repair | $750 | 3weeks |
| 2 | 0206 | Controller Card Repair | $750 | 3weeks |
| 3 | 0127 | Controller Card Repair | $750 | 3weeks |
| 4 | 0194 | Controller Card Repair | $750 | 3weeks |
| 5 | 0195 | Replace Battery | $1800 | 1month |
| 6 | 0207 | Controller Card Repair | $750 | 3weeks |
| 7 | 0193 | Controller Card Repair | $750 | 3weeks |
| 8 | 0187 | Controller Card Repair | $750 | 3weeks |
| 9 | 0201 | Controller Card Repair | $750 | 3weeks |
| 10 | 0204 | Controller Card Repair | $750 | 3weeks |
| 11 | 0192 | Controller Card Repair | $750 | 3weeks |
| 12 | 0205 | Controller Card Repair | $750 | 3weeks |
| 13 | 0208 | Replace Battery | $1800 | 1month |
| 14 | 0200 | Controller Card Repair | $750 | 3weeks |
| 15 | 0190 | Controller Card Repair | $750 | 3weeks |
| 16 | 0203 | Controller Card Repair | $750 | 3weeks |
| 17 | 0126 | Replace Battery | $1800 | 1month |
| 18 | 0189 | Controller Card Repair | $750 | 3weeks |
| 19 | 0188 | Controller Card Repair | $750 | 3weeks |
| 20 | 0202 | Controller Card Repair | $750 | 3weeks |
| 21 | 0197 | Replace Battery | $1800 | 1month |
| 22 | | Controller Card Repair | $750 | 3weeks |
| | | Total | $ 20,700 | |

| No | Description | EA | Cost | Remark |
|---|---|---|---|---|
| 1 | Pod Repair | 7 | $ 33,000 | |
| 2 | Tail Repair | 3 | $ 1,405 | |
| 3 | Center wing Repair | 4 | $ 2,690 | |
| 4 | Motor Unit Repair | 8 | $ 7,510 | |
| 5 | Energy Pack Repair | 4 | $ 3,600 | |
| 6 | Charger Pack Repair | 2 | $ 1,600 | |
| 7 | Payload ( Day and Night ) Repair | 9 | $ 26,000 | |
| 8 | Battery Repair | 22 | $ 20,700 | |
| | Grand Total | 59 | $ 96, 505 | |

Payload Repair List

| Day Payload | Serial No | Remark | Charges | Period |
|---|---|---|---|---|
| 1 | 1601158408 | Power Control Unit Replace, Calibration , Gimbal Motor Replace | $2500 | 2 months |
| 2 | 1600518403 | COMS Camera Replace, Gimbal Motor replace, Calibration | $3500 | 2 months |
| 3 | 1600518402 | Communication Unit Replace, Calibration | $2500 | 2 months |
| 4 | 1600518401 | Change Gimbal Unit Replace, Calibration | $2500 | 2 months |
| 5 | 1601158403 | Gimbal Motor Unit Replace, Calibration | $2500 | 2 months |
| 6 | 1600518404 | COMS Camera Replace, Gimbal Motor replace, Calibration | $3500 | 2 months |
| 7 | 1600518406 | | | |
| Night Payload | Serial No | Remark | Charges | Period |
| 1 | 1601160404 | Night version CMOS Unit Replace | $3000 | 2 months |
| 2 | 1600626402 | Night version CMOS Unit Replace | $3000 | 2 months |
| 3 | 1601160401 | Night version CMOS Unit Replace | $3000 | 2 months |
| | | Total | $26,000 | |